ZAW LIN (YOUTH) - PC MECHANIC

PRODUCT OF YOUTH

RAM
Diagnostic
CD Included

ဤစာအုပ်ကိုဖတ်ပြီးမှ ကွန်ပျူတာပြင်ပါ။

PC Mechanic

ZAW LIN - YOUTH

- Easyways to become a PC Mechanic
- 8 Steps to become a PC Mechanic
- Problems, Causes, Symptons,
- How to Fixed the Problems
- Miscellaneous as a Bonus

ကွန်ပျူတာ၏မည်သည့်အပိုင်းကပျက်နေသည်ဆိုတာကိုတစ်ဆင့်ချင်းစစ်ဆေးပုံ
ပြဿနာများ၊ အကြောင်းရင်းများ၊ လက္ခဏာများ၊ ဖြေရှင်းပုံများ
အသိသင့်သိထိုက်သည်များ

Level : Intermediate

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး	ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

b k7 m;

w 7 m;

o HC m

w dkCE t m; OD,x dyfye fq i f &Sdkdk;u efaw mhyg ?

- (azaz)/ (arar)
  - w , fw , f/ r mr m;
    - q 7m ODao mi f;w i f E$Sfh q 7mr a' :w i fw i fat ;
      - q 7m udkn Dn Dax G;
- udkju D, E$Sfh u dk dk;
- (u dkz_dK;)

w kdCE t m; T pmt kyf-z i fh u efaw mhyg ?

ကိုဇော်လင်း ဆိုတဲ့လူ ကပ်စေးနဲတာများ အခုမှမဟုတ်ဘူး

ငယ်ငယ်ကတည်းက – – – – –

စက်ဘီးကို နာရီနဲ့ ငှားစီးတာ ငယ်ဘဝက ကိုယ်ပိုင်စက်ဘီးမရှိတဲ့ ကလေးတိုင်း

သူလည်း ငှားစီးတာပဲ – – – ဒါပေမဲ့ တခြားကလေးတွေနဲ့ မတူတာက

စက်ဘီးကို အရမ်းမြန်မြန်နင်းတာပဲ။

တခြားကလေးတွေက "ဟေ့ကောင် ဘာလို့ အဲဒီလောက်တောင် စက်ဘီးကို

သဲကြီးမဲကြီး နင်းရတာလဲ" ဆိုတော့

ဒီကလေးက ဘာပြောတယ်မှတ်တုန်း " အချိန်ပြည့်သွားမှာစိုးလို့ကွ " တဲ့။

ခုလည်း ကြည့်လေ ကြီးလာတော့လည်း အကျင့်ကမပျောက်ဘူး။

ကားမောင်းတော့ လီဗာကို အမြဲမနင်းဘူး။

အရှိန်လေးရလာရင် Free ရိုက်လိုက်တယ်။ အရှိန်ကုန်သွားရင် လီဗာ ပြန်နင်းတယ်။

ကုန်းဆင်းလို နေရာမျိုးဆို ပြောမနေနဲ့တော့ ကျိန်းသေ Free ရိုက်ပြီပဲ။

ဘယ်ကားမဆို သူ့ကားကို ကျော်သွားတာချည်းပဲ။

တနေ့ မိတ်ဆွေတစ်ယောက်က ကားပျက်နေတာနဲ့ သူ့ကားနဲ့ လမ်းကြုံလိုက်ပါလေရော

Free ရိုက်ရိုက်နေတာ ကြာတော့ မိတ်ဆွေဖြစ်သူက

" ဇော်လင်းရာ Free မရိုက်ဘဲ ပုံမှန် လီဗာနင်းမောင်းသွားလို့လည်း ဆီက ဘယ်လောက်မှ

ပိုကုန်မသွားပါဘူးကွာ" ဆိုပြီး စိတ်မရှည်တဲ့ လေသံနဲ့ပြောတယ်။

ဒီတော့ ဇော်လင်း ဆိုတဲ့သူက " ငါက ဆီကုန်မှာ စိုးလို့မဟုတ်ဘူးကွ"

ဒီလိုပြောတော့ "မိတ်ဆွေဖြစ်တဲ့သူက မျက်လုံးပြူးသွားတယ်"

သိချင်ဇောနဲ့ " ဒါဆို ဘယ်လိုဖြစ်လို့တုန်း" ဆိုတော့ ဇော်လင်းက

"ငါက အရှိန်တွေကို နမြောလို့ကွ"

အချိန်တစ်ခုတော့ယူရလိမ့်မယ်။

ကျွန်တော်၏တိုက်ခန်းသည် အပေါ်ဆုံးထပ်တွင်ဖြစ်သည်။ မိဘနှင့်အစ်ကိုတွေ၏စောင့်မမှုကြောင့် ပိုင်ဆိုင်ထားသော၄၂တိုက်ခန်းလေးကို ကျွန်တော်အလွန်နှစ်သက်သည်။ အပေါ်ဆုံးထပ်မို့တက်ရတာ မောတာလေးပဲရှိသည်။ အပေါ်ရောက်သွားလျှင် ဝရံတာလေးကို ကျွန်တော်အရင်ထွက်လိုက်သည်။ ၎င်းဘက်တွင် အခြားသောတိုက်မရှိသေးပေ။ (အခုတော့ဆောက်နေကြပြီ။) ထို့အပြင် လုံးချင်း အိမ်ရာအသစ်ဆောက်ရန် တော်တော်ကျယ်ဝန်းသော မြေကွက်လပ်ကြီးရှိရာ ကျွန်တော်သည်လေကိုဝအောင်ရှုလိုက်ပြီး မျှော်မဆုံးသော ရှုခင်းကိုကြည့်လိုက်သည်။ ရှုမငြီးသော မြင်ကွင်းအပြင် လေးဆူဓါတ်ပုံ ရွှေတိဂုံစေတီတော်၊ ကျိုက္ကဆံစေတီတော်နှင့် ကျိုက်ဒေးယုံစေတီတော် (အာနန္ဒာစေတီ) စသည့် စေတီ ၃ ဆူကို တွေ့မြင်ရလေသည်။ ကျွန်တော်တို့တိုက်ခန်းလေးသည် အိမ်နောက်ဖေး မီးဖိုဘက်တွင်၌လည်း အထပ်နိမ့် မူလတန်းတိုက်ကျောင်းလေးပဲရှိရာ လေပြေလေညင်းများမှာ တိုက်ချင်တိုင်းတိုက်နေလေတော့သည်။

အိမ်ခန်းဖွဲ့စည်းပုံမှာ ယနေ့ခေတ် ကန်ထရိုက်တိုက်များလို ဟောပုံစံ ရှည်လမျောကြီးမဟုတ်ဘဲ အခန်းဖွဲ့ပြီးသားဖြစ်လေသည်။ ဧည့်ခန်း၊ မာစတာ အိပ်ခန်း၊ မီးဖိုချောင်၊ အပိုရေချိုးခန်းရေအိမ်တို့အပြင်၊ အိပ်ခန်းတစ်ခန်းထပ်ရှိသေးရာ ကျွန်တော်တို့အဖို့ ၎င်းတိုက်ခန်းလေးမှာ ကျယ်လို့ပင်နေပါသေးသည်။ ထို့အပြင် ဘုရားခန်းကိုပင် သီးသန့်အခန်းဖြင့်ထားနိုင်ရန် အိမ်ဦးခန်းတစ်ခန်းပါရှိသေးသည်။ စသည့်အချက်များကြောင့် ကျွန်တော်အလွန်နှစ်သက်သော အနှီတိုက်ခန်းလေးသည် ယခုအခါ ကျွန်တော်၏အိမ်မြုပ်ချိန်များကို ဆိတ်သုန်း စေပြီ။

အကြောင်းကား ၂၀၀၈ မေ ၂-၃ တွင်တိုက်ခတ်သွားသော နာဂစ်ဆိုင်ကလုန်းလေမုန်းတိုင်းကြီးကြောင့်ပင်ဖြစ်သည်။ ထိုနေ့ညကား တစ်ညလုံးတစ်မှေးမှမအိပ်လိုက်ရသော ကျွန်တော်နှင့် ကျွန်တော့်အလစ်တွင်ခိုးခိုး ပြီးတစ်မှေးလောက်ရအောင်အိပ်လိုက်သေးသည့် ကျွန်တော်၏ဇနီးတို့သည် အသက်ကိုဖတ်နှင့်ထုပ်ကာနေလျှက်ရှိကြသည်။ အောက်ထပ်များကတော့ ဒီလောက်ဖြစ်လိမ့်မည်ဟုကျွန်တော်မထင်ပါ။ ကျွန်တော်တို့မှာက အပေါ်ဆုံးထပ်ကလည်းဖြစ်ပြန်၊ ဘေးနှစ်ဖက်တွင်လည်း လုံးဝဟင်းလင်းပြင်အကာအကွယ်တိုက်မရှိ၊ ကြမ်းလိုက်တဲ့လေဆိုတာကလည်း ခေါင်မိုးပေါ်ကသွပ်တွေကို ဘီလူးတွေဘောလုံးကွင်းများလုပ်ထားသလား၊ သွပ်တွေလန်ကုန်ပြီလား၊ ထုတ်တန်းတွေကကျိုးကျလာမှာလား၊ ဘာတွေဆက်ဖြစ်မှာလဲ၊ ကြောက်လွန်းလို့ အပေါ့တွေလည်းတကယ့်ကို တစ်နာရီခြားတစ်ခါသွားနေပြီ။ နှလုံးပဲအားနည်းလို့လား၊ သည်းခြေပဲအားနည်းသလား လူကသွေးပျက်ခါ Z Z တုန်နေပြီဖြစ်သည်။ (ဆတ်ဆတ်တုန်တာမဟုတ်ဘူး)။ မနက်လေးနာရီမှာ အနည်းငယ်အားတက်လာသည်။ ဩော် အရင်ဆို လေးခွဲဆို ဘုရားထရှိခိုးတဲ့အချိန်ပဲ။ အာရုံလာတော့မှာပဲ။ လင်းရောင်ခြည်လာချိန်မှာ အားတက်မလားကြံတယ် --- လေက ပို၍ကြမ်းလာသည်။ သမ္ဗုဒ္ဓေ နှင့် ၂၄ ပစ္စည်း ရွတ်တာ ဘယ်နှစ်ခေါက်မှန်းပင်မသိတော့။

မနက်လင်းချိန်မှာ ဘယ်တိုက်က သွပ်ဘယ်နှစ်ချပ်လန်နေပြီဟု ကြည့်နေစဉ်မှာပင် ဟိုး ခပ်လှမ်းလှမ်း

ကတိုက် သွပ်အချပ် ၂၀ လောက် တစ်ပလိပ်တည်း လွင့်ထွက်သွားတာ မျက်လုံးထဲကပင်မထွက်။ တစ်ချက် တစ်ချက် တိုက်ပင်တုန်နေသည်မို့ ဇနီးသည်ကို အရေးကြီးသည်များ ကျောပိုးအိပ်ထဲစုထည့်ခိုင်းထားရသည်။ တိုက်အောက်တွင်ရပ်ထားသော ကားမှာ အခြေအနေမှုကောင်းပါလေစဟု ထွက်ကြည့်တော့ ဘာမှပင်မဖြစ်၍ စိတ်အေးသွားရသည်။ နှစ်ချက်ပဲကျန်တယ်။ အိမ်ခေါင်းမိုး သွပ်လန်မလန်နှင့် သင်တန်းရောဘေးကင်းမကင်း။ တစ်ခြားသူတွေအတွက်လည်းစိတ်ပူပါတယ်။ ပါးစပ်ကလည်း သတ္တဝါတွေ ကျန်းမာကြပါစေ ရွတ်နေတာ။ မုန်တိုင်းကဒီညထိဆက်ရင်ဘယ်လိုလုပ်မလဲ။ ဒီမှာမနေရဲတော့ဘူး။ မိဘအိမ်ကိုပြေးဖို့ အောက်တောင်မဆင်းရဲ။ နံနက် ၁၀း၃၀ မှာ ကျွန်တော်အိပ်ပျော်သွားသည်။ ၁၂း၃၀ မှာ မိုးစဲသွားပြီဟု ဇနီးသည်ကနှိုးတော့ နှစ်ယောက်သား အိမ်ကိုသေချာပိတ်၍ ကားဖြင့် မိဘတွေရှိရာ ယုဇနဥယျာဉ်မြို့တော်သို့ထွက်ခဲ့ကြရာ – –

ဟာ – ဟင် – မိမိတို့အိမ်သွပ်တစ်ချပ်မှမလန်သော်လည်း ဤမျှလောက်ပင်ဖြစ်သွားသလားဆိုတာကို တော့ အပြင်ထွက်ကြည့်မှပင်သိပါတော့သည်။ ဒီလမ်းကျတော့လည်း သစ်ပင်ကြီးတွေလဲပြိုနေလို့ ဟိုလမ်းကျ တော့လည်း ရေကြီးနေလို့နှင့် ကျွန်တော်တို့ တော်တော်လေး ကွေ့ပတ်ကာရှောင်မောင်းခဲ့ရသည်။ တောင်ဒဂုံ စက်မှုဇုန်ကိုရောက်တော့ လမ်းမသည်ရေလွှမ်းနေပြန်သည်။ ဒါကိုကျော်ရင် ရောက်ပြီဟုသောအသိနှင့် ရေထဲ ဖြတ်မောင်းမိလိုက်တာမှားမှန်း ကားထိုးရပ်သွားမှသိသည်။ ဖြတ်သွားသမျှလူတွေက ကူညီကြသော်လည်း ကားသည်ပြန်၍နိုးမလာတော့။ ကျွန်ုပ်တို့လင်မယား၏မျက်နှာသည်ကား ဇီးရွက်သာသာရှိတော့သည်။ ဖုန်းတွေ ကလည်း ဆက်၍မရ။ လေကထကြမ်းလာမှုဘာယ်လိုလုပ်ရမလဲ။ တော်သေးသည်။ ကူညီကြသောသူများထဲမှ တစ်ဦးသည် ကားကိုနိုးအောင်နှိုးပေးနိုင်ခဲ့သည်။ သို့သော် ကားက ညက်ညောမှုမရှိသောအသံဖြင့်သွားနေသည်။ ဂီယာထိုးရင်ပိုဆိုးသည်။ နောက်မှသိရသည်ကား ဂီယာဘောက်စ်ထဲရေဝင်သွား၍ဖြစ်သည်။

ယုဇနဥယျာဉ်၏အဝင်လမ်းဖြစ်သော ပဲခူးမြစ်လမ်းရှိ ဓါတ်တိုင်များက ကားလမ်းပေါ် တိုင်စေ့လဲနေကြ သောကြောင့် မနည်းရှောင်မောင်းလာရ၏။ မိဘတွေဆီရောက်တော့ ငြိမ်းချမ်းပြီမို့ ဝမ်းက ဟာလာမှန်းသိတော့ သည်။ ရှိတာလေးနှင့်ထမင်းစားပြီးသောအခါ ကားငှား၍ YOUTH သင်တန်းကိုလာကြည့်၏။ လမ်းတစ် လျှောက်အပျက်အစီးများကိုကြည့်မှ ဩော် ကိုယ့်ခံစားရတဲ့ ဒုက္ခကဘာမှမရှိမှန်းသိရသည်။ သင်တန်းရောက် တော့ သင်တန်းလည်း အတိအလင်းဘေးကင်းတာကိုတွေ့ရ၍စိတ်သက်သာရာရသွားသည်။ ဤသို့နှင့်ပင် ကျွန်ုပ်တို့ မကြုံတွေ့ဖူးသော၊ မထင်မိသော နာဂစ်မုန်တိုင်းကြီးမှာ တစ်ကယ့် ဖျက်အားပြင်းမုန်တိုင်းကြီးမှန်း နောက်မှသိရလေတော့သည်။

ကျွန်ုပ်သည် ယခုစာရေးနေသည့်အချိန်အထိ ညနေမိုးတွေညိုလာလျှင် စိတ်တွေကယောင်ချောက်ခြား ဖြစ်လာသလိုရှိ၏။ တိုက်ခန်း၌နေစဉ်ကာလမှာလည်း လေတိုက်လို့ သွပ်တွေကအသံမည်လာလျှင် အချိန်မဆိုင်း ဒုန်းဆိုင်းပင် မိဘတွေဆီပြေး၏။ ကျွန်ုပ်တို့နေထိုင်ရာ သဃ်န်းကျွန်းနှင့် ယုဇနဥယျာဉ်မြို့တော်သည်ကား အိမ်ဦးနှင့်ကြမ်းပြင်ပမာရှိလေပြီ။ ခုတော့ အလုပ်ကနေ အိမ်ပြန်ရာညနေတိုင်းသည်မသာယာတော့ပြီ။ ကျွန်ုပ် နှစ်သက်သော တိုက်ခန်းလေးသည် စိတ်ထဲတွင်ခြောက်ခြားဖွယ်ဖြစ်လေပြီ။ အိမ်မှာအိပ်သည့်ညတိုင်းတွင် ကျွန်တော်သည်နှစ်ခြိုက်စွာအိပ်ခြင်းကင်းလေပြီ။ ဘာပဲဖြစ်ဖြစ် အချိန်တစ်ခုတော့ပြန်ယူရဦးမည်ဖြစ်သည်။

ဝမ်းနည်းမှတ်တမ်း

ယခုစာအုပ်ကိုပြုစုနေစဉ် ၂၀၀၈ ခုနှစ် မေ ၂-၃ ရက်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့ကိုအဓိကထားဖြတ်ကျော်တိုက်ခတ်ခဲ့သော နာဂစ်ဟူသည့် ဆိုင်ကလုန်းမုန်တိုင်း ဒဏ်ကြောင့် ကျွန်တော်တို့ နိုင်ငံသားများ၏ အသက်အိုးအိမ်များပျက်စီးခဲ့ရခြင်းအပေါ် ကျွန်တော်အပါအဝင် YOUTH Computer Co., Ltd ဝန်ထမ်းများမှ များစွာဝမ်းနည်းမိပါကြောင်း။

ကျွန်တော်တတ်နိုင်သော ငွေပမာဏ ကျပ်တစ်သိန်းကို မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း မှတဆင့် ကယ်ဆယ်ရေးဌာနများသို့ လှူဒါန်းခဲ့ပါသည်။ ထို့အပြင် အဝတ်အစားများကိုလည်း လှူဒါန်းခဲ့ပါသည်။ ကျွန်တော်တို့ဇနီးမောင်နှံသည် ရွှေတိဂုံစေတီတော် သုကကာရီ တံမြက်လှည်း အသင်းဝင်များဖြစ်သောကြောင့် မုန်တိုင်းအလွန် စေတီတော်ကြီး၏ ကုန်းတော်နှင့်အနီးတဝိုက်သန့်ရှင်းရေးပြုခြင်း၊ သစ်ကိုင်းများအားကားပေါ်သို့ တင်ပို့ခြင်းများတွင်လည်း တစ်တပ်တစ်အား လုပ်အားဒါနကုသိုလ်ပါဝင်ခဲ့ပါသည်။

၂၆ မေလ ၂၀၀၈

ဇော်လင်း (YOUTH Computer Co., Ltd) မှ ရေးသားထုတ်ဝေပြီးသောစာအုပ်များ

(၁)	Music Creation with Cakewalk Pro Audio 9
(၂)	Modern & Traditional Music Creation with FL Studio 4
(၃)	Computer Network Study Guide
(၄)	Computer in Details (Over 50% Covered of Comptia A+ Exam)
(၅)	Music Creation with Propellerhead Reason 2.5
(၆)	Windows Server 2003 in Details နှင့် ကျွန်ုပ်၏အတွေ့အကြုံများ
(၇)	Modern & Traditional Music Creation with FL Studio 6
(၈)	Beyond A+ (A+ ၏နောက်ကွယ်)
(၉)	Networking Essentials နှင့် ကျွန်ုပ်၏အတွေ့အကြုံများ
(၁၀)	PC System Administration
(၁၁)	ကွန်ပျူတာ (လုပ်ငန်းခွင်ဝင်) 4 in 1
(၁၂)	ကွန်ပျူတာ အလယ်တန်း
(၁၃)	PC Mechanics (ယခုစာအုပ်)

YOUTH Computer Co., Ltd မှဖန်တီးထုတ်ဝေသော စီဒီများ

(၁) ကွန်ပျူတာဖြင့် မြန်မာ့ဂီတသံများဖန်တီးရန် One Shot အဖြစ်အသင့်ပြုလုပ်ထားသော မြန်မာ့တူရိယာသံများပါဝင်သောစီဒီ

(၂) ကွန်ပျူတာစက်ပိုင်းနှင့်စနစ်များအကြောင်းလေ့လာခြင်း
Computer Hardware & System Study Guide Interactive CD-Rom (Hello Computer)

(၃) ကွန်ပျူတာဖြင့်ရိုက်နှိပ်ထားသော နိုင်ငံတကာအဆင့်မှီ Music Sheet များပါဝင်သည့် Rock Guitar တီးနည်း ဗွီစီဒီ (ညီညီထွေး၊ Rock Guitar Study Guide)

(၄) နိုင်ငံတကာတူရိယာများအကြောင်းသိကောင်းစရာ (အခြေခံ)
Musical Instruments Encyclopedia (Basic)

(၅) ကွန်ပျူတာဖြင့်ဂီတသံစဉ်များဖန်တီးနိုင်ရန်အသင့်ပြုလုပ်ပေးထားသော မြန်မာ့ဆိုင်းဝိုင်း Loop များ အတွဲ ၁ နှင့် အတွဲ ၂

စာရေးသူ့အမှာစာ

ကျွန်တော်သည် Computer Hardware ပိုင်းနှင့် System ပိုင်းကို စာအုပ် (၃) အုပ်ထုပ်ဝေပြီးနောက် ယခု အခု PC Mechanics ဟူ၍ ကွန်ပျူတာ ပြုပြင်ခြင်းသီးသန့် စာအုပ်ကိုထုတ်ဝေဖို့ရန်အာသီသရှိလာသော ကြောင့် ဤစာအုပ်ကို ပြုစုရခြင်းဖြစ်ပါသည်။

ဒီစာအုပ်ကတော့ကွန်ပျူတာရဲ့ Hardware ပိုင်းဆိုင်ရာတွေကိုအဓိကထားရေးတဲ့စာအုပ်ဖြစ်ပါတယ်။ အရင်စာအုပ်တွေတုန်းကကွန်ပျူတာရဲ့ Core Theory တွေအကြောင်းကို တော်တော်များများပြောပြ ခဲ့ပြီးဖြစ်ပါတယ်။ အခုကျတော့ကွန်ပျူတာပျက်ရင်ဘယ်လိုပြင်ရမယ်၊ ကွန်ပျူတာတွေဟာ ဘယ်လိုအားဖြင့် ပျက်တတ်သလဲဆိုတာတွေနှင့်ပတ်သက်တဲ့ နည်းပညာတွေ၊ Knowledge တွေပေးချင်တာဖြစ်ပါတယ်။ ဒီစာအုပ်မှာ အပိုင်းအားဖြင့် (၄) ပိုင်းပါရှိပါတယ်။

အပိုင်း (၁) ကတော့ ကွန်ပျူတာပြင်တဲ့နေရာမှာ တဆင့်ချင်းတွေးခေါ်တတ်လာအောင် စာဖတ်သူရဲ့ Knowledge ကို Step by Step ဖြည့်ပေးမယ့်အခန်းဖြစ်ပါတယ်။ ဘိုလိုပြောရင်တော့စာဖတ်သူကိုကျွန်တော်က ဆောင့်မဆွဲလိုက်ဘဲ ဖြည်းဖြည်းချင်း Chase လုပ်ပြီးဆွဲယူတာ ဖြစ်ပါတယ်။ ဒီအခန်းမှာအကြောင်းအရာတွေဟာ ထပ်တလဲလဲရှင်းပြတာမို့စိတ်တော့ရှည်ရပါမယ်။ အဓိကက ကွန်ပျူတာပြင်ရအောင်ဆိုပြီး ဆွဲခေါ်သွားပြီးမှ ကြားထဲမှာကွန်ပျူတာပြုပြင်ခြင်းနှင့်ပတ်သက်တဲ့ သင်ခန်းစာတွေညှပ်သင်သွားတာဖြစ်ပါတယ်။

အပိုင်း (၂) ကတော့ ကွန်ပျူတာပြုပြင်ခြင်းကိုအဆင့်(၈)ဆင့်နှင့် တိုက်ရိုက်သင်ကြားပေးတာဖြစ်ပါတယ်။ သူကတော့ပထမသင်ခန်းစာထက်ပိုထိရောက်တဲ့ သင်ကြားမှုမျိုးဖြစ်ပေမယ့် အခြေခံရှိမှလိုက်နိုင်မှာဖြစ်ပါတယ်။ ဒီအခန်းမှာပြောပြထားသမျှဟာ တကယ့်လက်တွေ့လုပ်စား နိုင်တဲ့အထိ ကွန်ပျူတာကိုပြုပြင်နိုင်အောင် သိသင့် သိထိုက်တာမှန်သမျှ မချွင်းမချန်ရှင်းပြထားတာဖြစ်ပါတယ်။

အပိုင်း (၃) ကတော့ ကွန်ပျူတာရဲ့ အမူအကျင့်တွေ၊ ဖြစ်တတ်တဲ့သဘော၊ ပျက်တတ်တဲ့သဘော ဓလေ့စရိုက်တွေ၊ ပြဿနာတွေကိုတင်ပြထားတာဖြစ်ပါတယ်။ ၎င်းပြဿနာများနှင့်အတူ ပြဿနာဖြစ်ရခြင်း

အကြောင်းအရင်းများ၊ ပြဿနာများ၏ လက္ခဏာများနှင့် ပြဿနာဖြေရှင်းပုံများ၊ ပြဿနာ၏နောက်ဆက်တွဲများကိုတိုက်ရိုက်ဖေါ်ပြထားခြင်းဖြစ်ပါတယ်။ ကွန်ပျူတာပြင်လာတဲ့ ၁၉၉၄ ခုနှစ်မှယနေ့ထိကြုံတွေ့ခဲ့ရသမျှကို ဖြစ်တုန်းကပုံစံအတိုင်း ချပြထားခြင်းမဟုတ်ဘဲ ခေါင်းထဲတစ်ခါတည်းရောက်သွားအောင် စာသင်သလိုမျိုး စကားပြေနှင့်တစ်ဖုံ၊ အချက်နှင့်တလှည့် တင်ပြထားတာပါ။ စာဖတ်သူတွေအတွက် ကျွန်တော်တို့တုန်းကလို အချိန်တွေအများကြီးရင်းပြီး အတွေ့အကြုံယူစရာမလိုဘဲဖတ်လိုက်တာနှင့် ကိုယ်ဖြစ်ပြီးပြုပြီးသကဲ့သို့ဖြစ်စေမယ့်သင်ခန်းစာဖြစ်ပါတယ်။

အပိုင်း (၄) ကတော့ အတိုအထွာလေးတွေတင်ပြထားတဲ့သင်ခန်းစာဖြစ်ပါတယ်။ အတိုအထွာဆိုပေမယ့် သူ့နေရာနှင့်သူ အသုံးဝင်စေမယ့် သင်ခန်းစာတွေ၊ သိသင့်သိထိုက်တာတွေ၊ လိုအပ်မယ်ထင်တာတွေဖော်ပြပေးထားပါတယ်။ ဒီစာအုပ်ဟာ စာဖတ်သူတွေကို အဆင့်ချန်ဇာတ်မြှုတ်ထားခြင်း မရှိဘဲနားလည်အောင်လုပ်နိုင်အောင်ရှင်းပြထားတာဖြစ်ပါတယ်။

အကယ်၍များနားမလည်ရင် –

(၁) အကြိမ်ကြိမ်ပြန်ဖတ်ပါ။

(၂) စမ်းဖို့အခွင့်အရေးရှိက စမ်းရင်းနှင့်ဖတ်ပါ။

(၃) ကျွန်တော်ကတချို့အကြောင်းအရာတွေဟာ ယခင်ထွက်ပြီးသားစာအုပ်တွေမှာ ပါပြီးသားဆိုဒီမှာပြန်မရေးပါ။ နောက်တစ်ခုက ဒီအကြောင်း ကိုဖတ်ရင် ဒါလောက်ကတော့သိပြီးသားဖြစ်ရမယ်ဆိုထည့်မရေးပါ။ ဒါကြောင့်သင်နားမလည်တာဟာ ရှိသင့်ရှိထိုက်တဲ့ Knowledge အောက် ရောက်နေတာလည်းဖြစ်နိုင်ပါတယ်။ ဒါမျိုးဆို နားမလည်တဲ့အပိုင်းကိုပြန်ရှာဖတ်ပါ။ စာရေးဆရာတို့မည်သည်ကျွန်တော်မှမဟုတ်ဘယ်သူမဆို သူများထက်ပိုရိုးသားကြတာမို့ ကျွန်တော်မှမဟုတ် ဒီစာအုပ်မှမဟုတ် ချန်လှပ်၍ရေးလေ့မရှိပါ။ အထူးသဖြင့်သင်တန်းလာတတ်အောင် နားမလည်အောင် ရေးထားခြင်းအလျဉ်းမရှိပါ။

(၄) ဒီနေ့နားမလည်ရင်တောင်တစ်ချိန်ချိန်ကျ ကျန်တာတွေလေ့လာရင်းနှင့် ကွင်းစပ်မိပြီးနားလည်လာပါလိမ့်မယ်။

ဒီစာအုပ်ဟာ ကွန်ပျူတာသွားပြင်ဖို့တောင်မအားတဲ့၊ ကွန်ပျူတာကိုဆိုင်ယူပြီးသွားပြင်ဖို့မလွယ်တဲ့၊ ကိုယ်တိုင်ကွန်ပျူတာပြင်ချင်တဲ့သူတွေ နိုင်ငံခြားထွက်အလုပ်လုပ်မယ့်သူတွေအတွက် ရေးထားတာပါ။ သေချာဖတ်ပါ။ ပြင်တတ်စေရပါစေ့မယ်။

တစ်ခုပြောချင်ပါသေးတယ်။ ကွန်ပျူတာဆိုတာသုံး၍မပျက်ပါ။ ကွန်ပျူတာဝယ်ထားပြီးပျက်မှာစိုးလို့ ဇာပုဝါလေးခြုံထားတာမျိုးမဖြစ်စေချင်ပါ။ ကွန်ပျူတာဆိုတာ နည်းလမ်းတကျသုံးရင် မပျက်ပါ။ ကွန်ပျူတာကို

- ဟိုရွှေ့ဒီရွှေ့ ဟိုဖြုတ်ဒီဖြုတ်၊
- ရေငွေ့ရိုက်ခြင်း၊ စိုထိုင်းခြင်း
- ဖုန်တွေဝင်ခြင်း
- မီးအားမမှန်ခြင်း
- အပူချိန်မမျှတခြင်းတို့မှ ကင်းဝေးအောင်သုံးပါက ကွန်ပျူတာသည်ပျက်လေ့ပျက်ထမရှိပါ။

ဒီစာအုပ်ကိုဖတ်ခြင်းဖြင့် ကွန်ပျူတာမပျက်အောင်ဘယ်လိုသုံးရမယ်။ ဘယ်လိုပြဿနာတွေဖြစ်တတ်တယ်၊ ဖြစ်ရင်ဘယ်လိုလုပ်ရမယ်ဆိုတာတွေသိသွားမှာပါ။ ကျေနပ်နိုင်ကြပါစေ။

စေတနာများစွာဖြင့်

ဇော်လင်း

Technical Writer

YOUTH Computer Co., Ltd

11A, Pansodan Office Tower, Pansodan Middle Block

Near J Donuts, Kyauktadar Township, 254893

မာတိကာ

PART I

ကွန်ပျူတာအလုပ်မလုပ်ခြင်းအပေါ် Flowchart ဖြင့်တစ်ဆင့်ချင်းစစ်ဆေးခြင်း ၁

Motherboard, CPU နှင့် RAM တို့အား Flowchart ဖြင့် တစ်ဆင့်ချင်း Diagnostics ပြုလုပ်ခြင်း ၃

- အဆင့် (၁) Screen မှာတစုံတရာ မြင်ရပါသလား။ ၃
- အဆင့် (၂) Power Supply ကိုစစ်ဆေးပါ။ ၅
- အဆင့် (၃) Video ကိုရော Diagnose လုပ်ပြီးပလား။ ၆
- အဆင့် (၄) RAM Stick တွေကိုသေချာစွာတတ်ထားရဲ့လား။ ၇
- အဆင့် (၅) CPU ကိုရော သေချာစွာတတ်ထားရဲ့လား။ ၁၀
- အဆင့် (၆) Heatsink ပေါ်က ပန်ကာကောင်းမွန်စွာ အလုပ်လုပ်ရဲ့လား။ ၁၂
- အဆင့် (၇) Beep အသံတစုံတရာကြားရပါသလား။ ၁၃
- အဆင့် (၈) Motherboard Setting တွေကို Defaults အတိုင်းထားရဲ့လား။ ၁၆
- အဆင့် (၉) Motherboard ကို Casing ထဲကဖြုတ်ထုတ်လိုက်ပါ။ ၁၇
- အဆင့် (၁၀) CPU ဖြုတ်လဲပြီးစမ်းသပ်ရတော့မယ် (နောက်ဆုံးအဆင့်) ၁၈
- အဆင့် (၁၁) BIOS ကပြတဲ့ စာသားတွေနေရာမှာ ရပ်နေပါသလား။ ၂၀
- အဆင့် (၁၂) Verifying DMI Data Pool မှာရပ်နေသလား။ ၂၂
- အဆင့် (၁၃) RAM တွေကို ဟိုဖက် ဒီဖက်လဲတတ်ကြည့်ရအောင်။ ၂၃
- အဆင့် (၁၄) CMOS Setting တွေDefaults ဖြစ်နေရဲ့လား။ ၂၄
- အဆင့် (၁၅) Heatsink ရော ကောင်းရဲ့လား။ ၂၆

ATX Power Supply ပျက်ခြင်း၊ မပျက်ခြင်းကို Flowchart ဖြင့်တစ်ဆင့်ချင်း Diagnostics ပြုလုပ်ခြင်း ၂၇

- အဆင့် (၁) Power ရပါသလား။ ၂၇

- အဆင့် (၂) Power ပေးထားတဲ့ ပလပ်ပေါက်တွေရော ကောင်းရဲ့လား။ ၂၉
- အဆင့် (၃) 110V လား 220V လားဆိုတာကိုလည်းစစ်ဆေးပါ။ ၃၀
- အဆင့် (၄) Power Switch ကြိုးလေးကို Motherboard မှာတပ်ထားရဲ့လား။ ၃၁
- အဆင့် (၅) Power Switch များမကောင်းဘူးဖြစ်နေသလား။ ၃၂
- အဆင့် (၆) Power Supply ကနေ Motherboard ကိုပေးထားတဲ့ Connection တွေမှန်ရဲ့လား။ ၃၄
- အဆင့် (၇) Monitor မှာ တစုံတရာမြင်ရပါသလား။ ၃၈
- အဆင့် (၈) ဒုတိယအကြိမ် Boot လုပ်မှကွန်ပျူတာက တက်လာပါသလား။ ၃၉
- အဆင့် (၉) အသံတစ်စုံတစ်ရာကြားရပါသလား။ ၄၀
- အဆင့် (၁၀) Hardware ပစ္စည်းအသစ်တစ်ခုခု Install လုပ်လိုက်သေးလား။ ၄၁
- အဆင့် (၁၁) Hard Drive လည်တဲ့အသံကြားရပါသလား။ ၄၆
- အဆင့် (၁၂) Power ကြိုးကိုချိန်းပြီးပေးကြည့်ပါဦး။ ၄၇
- အဆင့် (၁၃) Adapter တွေဖြုတ်စမ်းကြည့်ရတော့မယ်။ ၄၉
- အဆင့် (၁၄) Motherboard ကို Casing ထဲကဖြုတ်စမ်းပါ။ ၅၀

Video Card ကောင်းခြင်း၊ မကောင်းခြင်းကို Flowchart ဖြင့်တစ်ဆင့်ချင်း စစ်ဆေးခြင်း။

- အဆင့် (၁) ကွန်ပျူတာက Power ကောင်းစွာရပါသလား။ ၅၄
- အဆင့် (၂) Monitor မှာ တစ်စုံတစ်ခုမြင်တွေ့ရပါသလား။ ၅၆
- အဆင့် (၃) Monitor Power ရပါသလား။ ၅၆
- အဆင့် (၄) Brightness, Contrast ချိန်ကြည့်ပါ။ ၅၉
- အဆင့် (၅) Cursor လေးမှိတ်တုတ် မှိတ်တုတ် ဖြစ်နေတာကိုတွေ့နေရသလား။ ၆၀
- အဆင့် (၆) No Signal Displayed လို့များပြောနေသလား။ ၆၁
- အဆင့် (၇) ဗီဒီယိုကြိုး (Monitor Display) ကြိုးကိုစစ်ဆေးပါ။ ၆၂
- အဆင့် (၈) ကြိုးပဲမကောင်းတာလား။ Pin တွေပဲကွေးနေတာလား။ ၆၃
- အဆင့် (၉) တီတီတီ ဆိုပြီး Beep အသံတွေကြားနေရပါသလား။ ၆၅
- အဆင့် (၁၀) Video Card (Monitor Card) ကိုစစ်ဆေးခြင်း ၆၆
- အဆင့် (၁၁) RAM တွေရော သေချာတပ်ထားရဲ့လား။ ၆၇
- အဆင့် (၁၂) BIOS စာသားများပြသောနေရာတွင် ရပ်နေပါသလား။ ၆၈
- အဆင့် (၁၃) အခြားသော Card များစိုက်ထားသေးလား။ ၆၉

- အဆင့် (၁၄) အခြားသော Card များကိုဖြုတ်၍စမ်းခြင်း။ ၇၀
- အဆင့် (၁၅) Monitor Card လဲတပ်ကြည့်ပါတော့။ ၇၁

Hard Drive Fail ဖြစ်ခြင်း၊ မဖြစ်ခြင်းကို Flowchart ဖြင့်တစ်ဆင့်ချင်း စစ်ဆေးခြင်း။

- အဆင့် (၁) Hard Drive ကို BIOS မှာကြေညာထားရဲ့လား။ ၇၂
- အဆင့် (၂) Hard Drive နှစ်လုံးများတပ်ထားသလား။ ၇၅
- အဆင့် (၃) Cable Select များလုပ်ထားသလား။ ၇၇
- အဆင့် (၄) Cable ကြိုးကိုစစ်ဆေးပါ။ ၇၈
- အဆင့် (၅) Hard Disk အလုပ်လုပ်သံကြားရပါသလား။ ၈၀
- အဆင့် (၆) Ribbon Cable တပ်ထားတာ ဘက်မှန်ရဲ့လား။ ၈၁
- အဆင့် (၇) CD တွေ DVD တွေတပ်ထားသေးသလား။ ၈၃
- အဆင့် (၈) Hard Disk Motor လည်သည့်အသံမှန်ပါသလား။ ၈၄
- အဆင့် (၉) Hard Disk Mode နဲ့ Interface Transfer တွေမှန်ရဲ့လား။ ၈၆
- အဆင့် (၁၀) FDISK Program က Hard Disk ကိုတွေ့တယ်တဲ့လား။ ၈၉

PART II

ကွန်ပျူတာအလုပ်မလုပ်ခြင်းအပေါ်ဖြတ်လမ်းနည်းဖြင့်တိုက်ရိုက်စစ်ဆေးခြင်း ၉၃

POST အကြောင်းပြောပြမယ်။ ၉၄

IBM BIOS ၉၈

Award and Phoenix BIOS ၉၉

POST Beep Error အတွက် Speaker ၁၀၀

POST Card ကိုတော့မကိုင်ပါဘူး။ ၁၀၀

Power Good Signal အကြောင်း ၁၀၂

8 Steps Guide to PC Mechanics ၁၀၄

- အဆင့် (၁) ဘယ်လိုဖြစ်တာပါလိမ့်။ ၁၀၅
- အဆင့် (၂) Power ဝင်ရဲ့လား။ ၁၀၆

–	အဆင့် (၃) အဖုံးတော့မဖွင့်သေးပါဘူး။	၁၀၈
–	အဆင့် (၄) ဟိုဖိ ဒီဖိ လုပ်ကြည့်မယ်။	၁၁၀
–	အဆင့် (၅) RAM ကိုဖြုတ်ပြီးပြန်တပ်ပါ။	၁၁၃
–	အဆင့် (၆) CMOS Clear လုပ်ပစ်မယ်။	၁၁၈
–	အဆင့် (၇) ဖြုတ်ကြည့်ဖို့တော့လိုပြီ။	၁၂၁
–	အဆင့် (၈) ထုတ်ကြည့်ဖို့တော့လိုပြီ။	၁၂၂
Power Supply ကို အလွယ်စမ်းသပ်နည်း		၁၂၅
Video (Monitor) မှာ ဘာမှမပေါ်ပါ။		၁၂၈
ကွန်ပျူတာကတက်တယ်။ Hard Disk ကိုတော့ မတွေ့ဘူး။		၁၂၉
Hard Disk ပျက်ပြီလား။		၁၂၉

PART III

ကွန်ပျူတာ၏ဖြစ်လေ့ဖြစ်ထရှိတဲ့အမူအကျင့်များနှင့်ပျက်လေ့ပျက်ထရှိတဲ့သဘောသဘာဝများ		၁၃၉
ဖြစ်လေ့ဖြစ်ထ၊ ပျက်လေ့ပျက်ထရှိသည်များ		၁၄၀
	CPU	၁၄၀
-	CPU ပျက်ရခြင်းများ	၁၄၁
–	လက္ခဏာများ	၁၄၄
-	System Unstable ဖြစ်ရသည့် အကြောင်းအရင်းများ	၁၄၅
–	ဘာတွေဖြစ်တတ်သလဲ ဘယ်လိုဖြေရှင်းရမလဲကုစားနည်း	၁၄၅
	RAM	၁၄၇
–	ဘာကြောင့် ပျက်နိုင်ပါသလဲ။	၁၄၉
–	လက္ခဏာများ	၁၄၉
–	ကုစားနည်း	၁၅၀
	Motherboard	၁၅၀
–	လက္ခဏာများ	၁၅၁
–	ဘာကြောင့်ဒီလိုတွေဖြစ်ရသလဲ	၁၅၂
–	ကုစားနည်း	၁၅၂

Keyboard ၁၅၃
- လက္ခဏာများ ၁၅၄
- ကီးဘုတ်ပျက်ရခြင်း ၁၅၄
- ကုစားနည်း ၁၅၄

ATX Power Supply ၁၅၅
- လက္ခဏာများ ၁၅၆
- ဘာကြောင့်ဒီလိုဖြစ်ရသလဲ ၁၅၇
- ကုစားနည်း ၁၅၈

Hard Disk ၁၅၉
- Hard Disk ဟာပျက်တယ်ဆိုတဲ့နေရာမှာ နှစ်ပိုင်းရှိပါတယ်။ ၁၅၉
- Hard Disk တစ်လုံးရဲ့ Components များပျက်စီးပုံ ၁၅၉
- လက္ခဏာများ ၁၆၀
- ဘာလို့ဒီလိုဖြစ်ရတာလဲ ၁၆၀
- ကုစားနည်း ၁၆၂
- Hard Disk မှာ Bad Sectors ပေါ်ရခြင်းအကြောင်း ၁၆၂
- ကုစားနည်း ၁၆၂
- ထူးခြားချက် ၁၆၃

Monitor ၁၆၄
- မော်နီတာပျက်ရခြင်းအကြောင်း ၁၆၄
- မော်နီတာတွေရဲ့ဖြစ်တတ်ပျက်တတ် သဘော ၁၆၄
- ဖွင့်ပြင်မှရမည့် လက္ခဏာများ ၁၆၆
- ဘာကြောင့်ဒီလိုဖြစ်ရတာလဲ ၁၆၆
- ကုစားနည်း ၁၆၇

Video Card ၁၆၉
- ဖြစ်တတ်ပျက်တတ်ပုံ ၁၇၀
- လက္ခဏာများ ၁၇၀

- ဘာလို့ဒီလိုဖြစ်ရတာလဲ ၁၇၀
- ကုစားနည်း ၁၇၀

UPS ၁၇၁
- UPS များပျက်တတ်ပုံ ၁၇၁
- လက္ခဏာများ ၁၇၂
- ဘာလို့ဒီလိုဖြစ်ရတာလဲ ၁၇၃
- Budget အသုံးပြုနည်း ၁၇၃
- ကုစားနည်း ၁၇၅
- ထူးခြားချက် ၁၇၅

Dot Matrix Printer ၁၇၅
- Dot-Matrix Printer များပျက်ခြင်း ၁၇၆
- ဘာကြောင့်ဒီလိုဖြစ်ရတာလဲ ၁၇၇
- ကုစားနည်း ၁၇၈
- Printer ကိုစမ်းသပ်နည်း ၁၇၈
- Printer ကြီးပဲစမ်းသပ်နည်း ၁၇၉
- Printer နှင့် Printer Cable ကိုနောက်တစ်နည်းဖြင့်စမ်းသပ်နည်း ၁၇၉

Laser Printer ၁၈၀
- Laser Printer ပျက်ပုံ ၁၈၀
- လက္ခဏာများ ၁၈၁
- ကုစားနည်း ၁၈၂
- ရှောင်ရန် ၁၈၂

Ink Jet Printer ၁၈၃
- Ink Jet Printer ပျက်ပုံ ၁၈၄
- ဘာကြောင့်ဒီလိုဖြစ်ရတာလဲ ၁၈၅
- ကုစားနည်း ၁၈၅

	Windows မတက်သည့် အကြောင်းအရင်းများ		၁၈၆
-	System ပိုင်းကြောင့်မတက်ခြင်း		၁၈၇
–	ဘာကြောင့်ဒီလိုဖြစ်ရသလဲဆိုရင်		၁၈၇
-	Harware ပိုင်းကြောင့် Windows မတက်ခြင်း		၁၈၇

PART IV

အတိုအထွာများလက်ဆောင်အဖြစ်ထည့်ပေးလိုက်သည်။		၁၉၁
Dr.Water (သို့) Dr. Restart		၁၉၂
မီတာတိုင်းခြင်း		၁၉၄
NTLDR ပျောက်၍ Windows မတက်ခြင်း		၁၉၇
–	ဖြေရှင်းပုံ	၂၀၁
Windows Memory Diagnostic		၂၀၃

P A R T I

ကွန်ပျူတာအလုပ်မလုပ်ခြင်းအပေါ်

Flowchart ဖြင့်

တစ်ဆင့်ချင်းစစ်ဆေးခြင်း

Easyways to become a PC Mechanics

Level : Basic

PC Mechanics

ဒီသင်ခန်းစာမှာ ကွန်ပျူတာမတက်ခြင်းအပေါ်မှာ ပစ္စည်းတွေကို တစ်ဆင့်ချင်း Diagnose လုပ်ကြမှာဖြစ်ပါတယ်။ လုပ်ပုံလုပ်နည်းကတော့ Flowchart မှာပြထားတဲ့နံပါတ်စဉ်အတိုင်း ရှင်းပြချက်တွေကို တစ်ဆင့်ချင်းဖတ်ကြည့်ပြီးပြုလုပ်ရမှာဖြစ်ပါတယ်။ အဲဒီလို Flowchart နှင့်တစ်ဆင့်ချင်း Diagnose လုပ်ရာဝယ်သိရမှာက အဲဒီ Flowchart မှာဆွန်းမကင်းတုံးပုံစံတွေဟာ Condition (အခြေအနေ)ကို ဆိုလိုပါတယ်။ ဒီတော့ ဒီဆွန်းမကင်းတုံးကိုတွေ့တိုင်း ဒါရွေးချယ်စရာဆုံးဖြတ်စရာရှိလို့မှတ်ယူရပါမယ်။ ဒါကြောင့် ဒီဆွန်းမကင်းတုံးတွေတိုင်းမှာ Yes or No ဆိုပြီးမေးထားပါတယ်။

အနားဝိုင်းနေသော ထောင့်မှန်စတုဂံအကွက်တွေကတော့ ဖြေရှင်းပြုလုပ်ရမယ်ဆိုတဲ့သဘောဖြစ်ပါတယ်။ အောက်ကိုချွန်ထွက်နေတဲ့အကွက်တွေကတော့ ဒီ Flowchart နှင့်မဆိုင်သော အခြားကိစ္စတစ်ခုကို (Proceed) ရှေ့ဆက်သွားရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါက ပထမဦးစွာပစ္စည်းတွေကို Diagnose မလုပ်ခင် Flowchart ကိုကြည့်တတ်အောင်အရင်ပြောပြတာဖြစ်ပါတယ်။ အကွက်လေးတွေထဲမှာ စာတွေရှင်းပြချက်တွေနဲ့ ပြည့်နေရင် အဆင်မပြေမှာစိုးလို့ ၎င်းအကွက်တွေထဲမှာ နံပါတ်တပ်ပြီး တစ်ဖက်မှာနံပါတ်နှင့်တကွပြန်ရှင်းပြထားပေးတာဖြစ်ပါတယ်။ စာဖတ်သူသင်ဟာ နည်းနည်းတော့စိတ်ရှည်ဖို့လိုပါတယ်။ ဘာလို့လည်းဆိုတော့ တစ်ဆင့်ချင်းစီဖတ်ရမှာမို့လို့ပါ။

တကယ့်လုပ်ငန်းခွင်မှာတော့ ဘယ်သူမှ အဲဒီလိုတစ်ဆင့်ချင်းပြင်လေ့မရှိပါဘူး။ ကွန်ပျူတာကိုပြင်ရတာ အဲဒီလောက်လည်းရှုပ်ထွေးမှုမရှိလှပါဘူး။ အခုလိုတစ်ဆင့်ချင်းဖော်ပြရတာ စာဖတ်သူသင့်အတွက် Reference ရအောင်လုပ်ပေးတာပါ။ တကယ့်လက်တွေ့ကွန်ပျူတာပြင်ချိန်မှာ သင်ဟာ၎င်းအချက်တွေကို ခေါင်းထဲကနေ တစ်ခုချင်းဆွဲထုတ်ပြီးပြင်ရမှာဖြစ်ပါတယ်။ မကျွမ်းကျင်ခင်အချိန်တော့ စာအုပ်ကြီးဘေးချပြီး တဆင့်ချင်းလုပ်လို့ရအောင် ဒီစာအုပ်မှာ Step by Step Diagnosing ဆိုပြီး သင်ခန်းစာတစ်ခန်းအဖြစ်တင်ဆက်လိုက်ရပါတယ်။ ပြောရရင်တော့ ဒီသင်ခန်းစာဟာ ကွန်ပျူတာစက်ပြင်တာနှင့်ပတ်သက်လို့ လုံးဝအတွေ့အကြုံမရှိတဲ့သူတွေအတွက်လို့ဆိုချင်ပါတယ်။

အတွေ့အကြုံရှိပြီးသားသူတွေကတော့ အမြန်နှုန်းနှင့်ဖတ်နိုင်ပါတယ်။ လုံးဝမဖတ်ဘဲနှင့်တော့ မနေလိုက်ပါနဲ့။ တစ်ချို့အတွေ့အကြုံလေးတွေထည့်ရေးထားလို့ပါ။

Motherboard, CPU နှင့် RAM တို့အား FLowchart ဖြင့် တစ်ဆင့်ချင်း Diagnostics ပြုလုပ်ခြင်း

ယခုအခါ ကွန်ပျူတာမတက်ခြင်းအပေါ်တစ်ဆင့်ချင်း Diagnose လုပ်ရာဝယ် အခု ကနဦးစတင်ပြီး Diagnose လုပ်မည့် ပစ္စည်းတွေကတော့ Motherboard, CPU နှင့် RAM တို့ပဲဖြစ်ကြပါတယ်။ ကဲ စပြီဗျို့

အဆင့် (၁) Screen မှာတစုံတရာ မြင်ရပါသလား

ကဲ ကွန်ပျူတာကတော့မတက်ဘူး။ ဒါပေမယ့် အဲဒီမတက်ဘူးဆိုတဲ့ ကွန်ပျူတာရဲ့ Monitor Screen မှာ သင်တစ်စုံတစ်ခုကိုမြင်တွေ့ပါသလား။ ဥပမာ Video Signal စသည်ဖြင့်ပေါ့။ ဒါမှမဟုတ်လည်း System BIOS, Adapter BIOS Loading နှင့်ပတ်သက်တဲ့စာသားတွေ တွေ့မြင်နေရပါသလား။ ပုံမှန်ဆို ကွန်ပျူတာကို ဖွင့်လိုက်ရင် Video Adapter ရဲ့ BIOS စာသားတွေအရင်ဆုံးပေါ်တတ်ပါတယ်။ နောက်ပြီးရင် Motherboard ပေါ်က BIOS ရဲ့ စာသားတွေပေါ်ပါတယ်။ အဲဒါတွေ ပေါ်လား၊ မပေါ်လားမေးနေတာဖြစ်ပါတယ်။

ဥပမာ ပုံ ၁.၁ ကိုကြည့်ပါ။ အဲ့ဒီလိုမျိုးတော့ဟုတ်ချင်မှဟုတ်မယ်။

ပုံ ၁.၁



ဖြေရှင်းချက် (၁) ။ ။ အကယ်၍ Monitor မှာတစုံတခုပေါ်နေရင် Yes ပေါ့။ Yes ဆိုရင် နံပါတ် (၁၁) ကိုသွားရမှာဖြစ်ပါတယ်။ နံပါတ် (၁၁) ကိုဖတ်ပါလေ။

Easyways to become a PC Mechanics



Produced by YOUTH Computer Co., Ltd

အကယ်၍ Monitor မှာဘာမှမပေါ်ရင် No ဖြစ်ပါတယ်။ ဒါဆို နံပါတ် (၂) ကိုသွားရမှာဖြစ်ပါတယ်။ နံပါတ် (၂) ကိုဖတ်ပါလေ။ ကျွန်တော်ကတော့ အစဉ်လိုက်အတိုင်းပဲရှင်းပြသွားမှာဖြစ်ပါတယ်။

အဆင့် (၂) Power Supply ကိုစစ်ဆေးပါ။

System ဟာ Power ရပါသလား Power Supply Unit (PSU) ကောင်းမွန်ပါသလား။ အကယ်၍ Power Supply ကို သံသယရှိလျှင် ဒီသင်ခန်းစာမှာပင်ရှိသော Power Supply Unit Diagnostic Flow-chart ကို ဖတ်ပြီးအရင်ဖြေရှင်းပါ။ ဒီတော့ကား စာဖတ်သူသင်ကမေးမယ် 'ကျွန်တော်က Power Supply ကောင်းမကောင်းဘယ်လိုလုပ် သိမလဲ။ ဒါလားခင်ဗျား လွယ်ပါတယ်ဗျာ။ ကွန်ပျူတာဖွင့်လိုက်ရင် ရှိုးကနဲဆို ပန်ကာတွေလည်မယ်။ Drives တွေကMotor တွေလည်မယ် ။ ဒါမှမဟုတ်လည်း Beep အသံတွေကြားရမယ်။ လုံးဝတော့တိတ်ဆိတ်မနေဘူး။ တိုးတာနှင့်ကျယ်တာပဲကွာတယ်။ အသံတော့ကြားနေရတယ် ။ ဒါဆို System က Power ရပြီ OK ကိစ္စမရှိဘူး။ အဲ့သလိုမှမဟုတ်ဘဲ လုံးဝမလှုပ်မယှက် တိတ်ဆိတ်နေရင်တော့ ခုနကပြောသလို Power Supply Diagnostic Flowchart ကို အရင်လုပ်ရလိမ့်မယ်။ အဲဒီလို Power Supply ကို Diagnose လုပ်ပြီးမှ ဒီကနေပြန်စပါ။ ပုံ ၁.၂ တွင် Power Supply များကိုတွေ့ရစဉ်။

ပုံ ၁.၂



PC Mechanics

ဖြေရှင်းချက် (၂) ။ ။ System က Power Supply ရခဲ့ရင် သို့မဟုတ် Power Supply ကောင်းတယ်ဆိုရင် Yes ဖြစ်တာကြောင့် နံပါတ်(၃) အဆင့်ကို သွားရမှာဖြစ်ပါတယ်။ အဲ့သလိုမှ မဟုတ်ဘဲ System က Power Supply မရဘူး Power Supply မကောင်းဘူးဆိုရင်တော့ လုပ်ဆောင်ချက် (၁) Power Supply Diagnosing ကို လုပ်ဆောင်ရမှာဖြစ်ပါတယ်။

Yes ------------------ ဆုံးဖြတ်စရာ အဆင့်နံပါတ် (၃)

No ------------------ လုပ်ဆောင်ချက် အဆင့် နံပါတ်(၁)

လုပ်ဆောင်ချက် အဆင့် နံပါတ် (၁) ဆိုတာ ဒီသင်ခန်းစာမှာပင်ရှိတဲ့ Power Supply Flowchart ကိုသွားရမှာဖြစ်ပါတယ်။

အဆင့် (၃) Video ကိုရော Diagnose လုပ်ပြီးပလား။

ကိုယ့်လူရေ အစောကြီးကတည်းက စိတ်ရှည်ဖို့ ပြောထားပြီးသားနော်။ မကျွမ်းကျင်ခင်အချိန်မှာတော့ Step by Step Learning မှာစိတ်တော့ရှည်ရမှာပဲ။

အခုဒီအဆင့်မှာ Video ပိုင်းကရော စိတ်ချရရဲ့လား။ Video ပိုင်းကဖြစ်နိုင်တယ်နော် ။ ကျွန်တော်တို့က ဒီ Flowchart မှာအလယ်ကနေဒေါင်လိုက် (၂) ပိုင်းပိုင်းရင် Screen မှာ ဘာမှမပေါ်ဘူးဆိုတဲ့ဖက်ကို ဆင်းလာတာကို။ ဒါကြောင့်သူက Video ကိုရော Diagnose လုပ်ကြည့်ပါဦးတဲ့။ ကဲ ကိုယ့်လူတို့ရေ။ ဒီသင်ခန်းစာမှာပဲပါတဲ့ Video Diagnosing Flowchart ကိုသွားပြီး တစ်ဆင့်ချင်းဖတ်ကြည့်ပါဦး။ ပြီးရင်ပြန်လာခဲ့ပါ။ ဒီမှာပြန်ဆုံမယ်နော်။

ဖြေရှင်းချက် (၃) ။ ။ Video Diagnose လုပ်ပြီးရင် သို့တည်းမဟုတ် လုပ်စရာ မလိုဘူး ဒီအပိုင်းကမဖြစ်နိုင်ဘူးလို့ ယူဆရင် Yes ဖြစ်တာကြောင့် နံပါတ် (၄) အဆင့်ကိုသွား ရမှာဖြစ်ပါတယ်။ Video Diagnose မလုပ်ရသေးရင်တော့ No ဖြစ်တာကြောင့် လုပ်ဆောင်ချက် (၂) Video Diagnosing Flow-chart ကိုလုပ်ရမှာဖြစ်ပါတယ်။

Yes ------------------ ဆုံးဖြတ်စရာ အဆင့်နံပါတ် (၄)

No ------------------ လုပ်ဆောင်ချက် အဆင့် နံပါတ်(၂)

လုပ်ဆောင်ချက် နံပါတ် (၂) ဆိုတာ ဒီသင်ခန်းစာနောက်နားမှာပင်ပါရှိတဲ့ Video Diagnosing Flowchart ကိုသွားရမှာဖြစ်ပါတယ်။

အဆင့် (၄) RAM Stick တွေကိုသေချာစွာတပ်ထားရဲ့လား။

အများဆုံးဖြစ်တတ်တဲ့အထဲက တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အဲ့ဒါက Motherboard ဖြစ်စေ၊ RAM ဖြစ်စေ၊ Upgrade လုပ်တဲ့နေရာမှာ Memory Module တွေကိုသေချာစွာမစိုက်ထားခြင်းဖြစ်ပါတယ်။

Memory တပ်ဆင်ပုံကိုမျက်စိထဲမြင်အောင်ပြောရမယ်ဆိုရင်

Memory Module တွေကိုစိုက်တဲ့အခါ ၎င်း Module တွေမှာပါတဲ့ Notch အတိုင်းဝင်အောင် အသာလေး တေ့ထားပြီး ဘေးနှစ်ဖက်က လက်မနှင့်ဖိချလိုက်ရုံလေးပါ။ ကိုယ့်လက်ရဲ့ ကျန်တဲ့လက်ချောင်းလေး တွေဟာ Motherboard နှင့် ၎င်းအောက်က သံပြား Cardboard အကြားမှာဝင်နေပြီး Motherboard ကို အပေါ်ကိုပြန်ပင့်ခြင်း တစ်နည်းအားဖြင့် အပေါ်ကနေ Memory Module ကိုလက်မနှင့်ဖိထားခြင်းကို Against လုပ်ထားရမှာဖြစ်ပါတယ်။ Memory Bank ရဲ့ ဘေးနှစ်ဖက်မှာ ရှိတဲ့ Lever နဖားလေးတွေဟာ Memory Module တွေကို Lock လုပ်ပြီးသား အလိုအလျောက်ဖြစ်သွား ပါလိမ့်မယ်။ အဓိကပြောချင်တာကတော့ RAM Module တွေဟာ သေချာစွာ Seated ဖြစ်နေရပါမယ်။ ပုံ ၁.၃ မှာ Memory များသေချာစွာ တပ်ဆင်ထားတာကိုတွေ့ရပါလိမ့်မယ်။

အကယ်၍သင်ဟာ RIMM (Rambus Inline Memory Module) ကိုသုံးခဲ့မယ်ဆိုရင်တော့ Memory Bank မှာတပ်ထားတဲ့ Memory တွေဟာ အချင်းချင်း Match ဖြစ်ဖို့လိုပါတယ်။ ဒါကတော့ RIMM မှ မဟုတ်ပါဘူး။ Memory နှစ်ချောင်းစိုက်ထားလို့ တစ်ချောင်းနှင့်တစ်ချောင်း Match မဖြစ်ရင် ကွန်ပျူတာတက် လာလည်း အလုပ်ကောင်းကောင်းမလုပ်ဘူး။ နောက်ပြီး RIMM ကိုသုံးထားတဲ့သူဟာ